သင်ဖြူးကို ～ ရက်သည်။ 席子编得不匀。

ခုန်ကျော် က၊ <khon kyaw> 跃过，越过：အတားအဆီးကို ～ သွားတယ်။ 越过障碍。/ မြောင်းကို ～ သွားတယ်။ 跨过小渠。

ခုန်ချ က၊ <khon khya'> 跳下，跳进

ခုန်စင် န၊ <khon sin> 安戽水车的架子(参见 ခူမောင်း 条)

ခုန်ဆင်း က၊ <khon hsin:> ＝ခုန်ချ

ခုန်ဆွခုန်ဆွ ကဝ၊ <khon hswa' khon hswa'> 蹦蹦跳跳，一颠一颠地：～ နှင့်ပြေးလာသည်။ 蹦蹦跳跳地跑了进来。

ခုန်ဆွေ့ က၊ <khon hswei'> 飞散出去，飞散开来，扩散

ခုန်ဆွေ့ခုန်ဆွေ့ ကဝ၊ <khon hswei' khon hswei'> 不安静，跳来跳去

ခုန်ဆွန့် ကဝ၊ <khon hsun'> 蹦跳，跳跃

ခုန်တက် က၊ <khon tet> 跳上：ဖားများကုန်းပေါ်ကို ～ လာကြတယ်။ 青蛙都跳到岸上来了。

ခုန်တွင်း န၊ <khon dwin:> 捕鱼坑

ခုန်တွင်းချ က၊ <khon dwin: khya'> 挖坑捕鱼

ခုန်ပိခုန်ပေါက် ကဝ၊ <khon pi' khon paut> 蹦蹦跳跳，欢蹦乱跳：ဝမ်းသာအားရ ～ ပြေးလာတယ်။ 欢蹦乱跳地跑来。

ခုန်ပေါက် က၊ <khon paut> 蹦跳，欢跳

ခုန်ပေါက်မြူးတူး က၊ <khon paut myu: du:> 欢腾，欢跃，欢喜雀跃

ခုန်ပျံ က၊ <khon pyan> 飞跃

ခုန်မြူး က၊ <khon myu:> 欢跃，欢腾

ခုန်လွှား က၊ <khon hlwa:> 跳越，飞越

ခပ် I က၊ <khat> ①舀(汤)，打(水)：ဟင်းချို ～ သည်။ 舀汤。/ ရေ ～ သည်။ 汲水。②收取，收割 ③到达：ပညာတတ်ကမ်း ～ တတ်မြောက်သည်။ 学问精通。④(掸)估价，计算 II ကဝ၊ <khat> 加在重叠的单音节形容词或某些动词之前构成副词，意为"稍…""略…""有些…"或"比较…"：～ ဝေးဝေး 稍远 / ～ ရှင်ရှင် 饶有风趣地 / ～ မှုန်မှုန် 模模糊糊 / ～ ပွင့်ပွင့် 比较公开地；坦率地 / အရပ်အမောင်း ～ ပြတ်ပြတ် 身材较矮

ခပ်ချို န၊ <khat khyo> 勺子(炒菜、盛饭用)

ခပ်ပိုင် န၊ <khat pain> 一种坐垫

ခပ်ပြာ န၊ <khat pya> 含铜83%锌17%的合金

ခပ်ပြိခပ်ပြာ န၊ <khat pyi' khat pya> ＝ခပ်ပြာ

ခပ်မဆိတ် ကဝ၊ <khat m- hseit> 沉默地，不声不响地，悄悄地：～ နေသည်။ 沉默不语。

ခပ်ရှောင်း က၊ <khat shaun:> (古)立即，立刻

ခပ်သိမ်း နဝ၊ <khat thein:> 所有的，全部的：လူ ～ 所有的人 / အခါ ～ 任何时候

ခပ်သိမ်းစုံ နဝ၊ <khat thein: zon> ＝ခပ်သိမ်း

ခပ်သွတ် ကဝ၊ <khat thut> (古)马上，立刻，很快地

ခုပ် က၊ <khout> ①(虎、猫等捕捉小动物时的动作)扑 ②迅速，快(多与 လျင် 连用)：အစား ～ သည်၊အလုပ်ကြာသည်။ 吃饭快，干活却拖拖拉拉。

ခမ်ကောက် န၊ <kan gaut> 一种捕鱼的拉网

ခမ်း န၊ <khan:> 边缘

ခမ်းကြီးနားကြီး ကဝ၊ <khan: gyi: na: gyi:> ①隆重 ②装模作样

ခမ်းနား I နဝ၊ <khan: na:> ①隆重：～ လှပသည်။ 壮观，富丽堂皇。/ ～ ကြီးကျယ်သည့်အစည်းအဝေး 隆重的集会②壮观 II န၊ <khan: na:> ①礼仪用品 ②财物：စည်းစိမ် ～财产 ③聚会，盛会：သဘင် ～ 盛典

ခမ်းဝါ န၊ <khan: wa> ＝ခန်းဝါ

ခယ်မ န၊ <khe ma'>，(男) ①小姨子 ②弟媳

ချ I က၊ <khya'> ①放，放下，降下：ကုန်တင်ကုန်～အလုပ်သမား 装卸工 / ကျောက်ဆူး ～ သည်။ 抛锚。/ ရာထူးမှခေတ္တ ～ ထားသည်။ 暂时停职。/ သူသည်ကော်ဖီနှင့်မုန့်များလာ ～ ၏။ 他端来了咖啡和点心。/ နန်း ～ သည်။ 废黜(皇帝)。/ သိက္ခာ ～ သည်။ 诋毁；使之还俗。/ အတန်း ～ သည်။ 降级。②剃头；削发：ဆံကို ～ ၍ပြည်မှနှင်စေ။ 削去头发驱逐出境。③使之安心：စိတ် ～ သည်။ 放心。④驻扎：တပ်ကြီးသုံးတပ် ～ ထားသည်။ 驻扎三支部队。⑤结束：သည်သီချင်း ～ လျှင် 这支歌结束后…… ⑥规定，安排：နေရာ ～ သည်။ 许配；安排，安置。/ ရပ်ကွက်အလိုက်ခွဲတန်း ～ သည်။ 按区分配。/ သမ္မာန်စာ ～ သည်။ 发出传票。⑦写 ရေးချ 符号，即写 -ာ 或 -ါ ⑧归罪，归咎，怪罪：လူမတန်ကံကို ～ သည်။ 自己不行却怪命不好。/ သူ့အပေါ်မှာချည်းအပြစ် ～ သည်။ 全都归咎于他。⑨筛：ဆန်ခါ ～ သည်။ 过筛；过罗。⑩教导；教授：စာ ～ သည်။ 和尚给徒弟讲解三藏经等。⑪贴(金)：ရွှေ ～ သည်။ (为佛像、塔等)贴金。⑫打斗，斗殴：အချင်းချင်း ～ နေသည်။ 厮打。⑬打，揍：ပါး ～ သည်။ 打耳光。/ တုတ်နှင့် ～ သည်။ 用棍子打。⑭放(债)：ငွေတိုး ～ သည်။ 放债。⑮玩(牌)：ဖဲ ～ သည်။ 打牌。⑯嫖：ဖာ ～ သည်။ 嫖妓。⑰抓阄儿：မဲ ～ ရ မောင်ဘကမဲကျသွားသည်။ 貌巴抓中了阄儿。⑱催眠：အိပ်မွေ့ ～ သည်။ 催眠。/ အိပ်မွေ့ ～ ပညာ 催眠术 ⑲驱(虫)，打(虫)：သန် ～ ဆေး 驱蛔虫药 / သွားပိုး ～ သည်။ 驱牙虫。⑳划(线等)：ဇယား ～ သည်။ 划表格。/ မျဉ်း ～ သည်။ 划线。II ကထ၊ <khya'> (一下子搞)出来，……下来：ပြော ～ သည်။ 说出来。/ ဖွင့် ～ သည်။ 揭露出来。/ ခုံကိုခပ်ပြင်းပြင်းဆွဲ၍ထိုင် ～ လိုက်၏။ 使劲拉出个凳子坐下来。

ချကွင်း န၊ <khya' gwin:> 空投目标(范围)

ချခေါ် က၊ <khya' khaw> (古)法院下令传人，下传票